# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

# ၁၉၆၃ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေ။

**[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၁။]**

**၁၃၂၄ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၂ ရက်။**

**(၁၉၆၃ ခုနှစ်၊ ဧပြီလ ၅ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၃ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (၁) အောက်တွင်ဖော်ပြပါ တာဝန်ခံအသီးသီးသည်၊ မိမိနှင့် ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာတော်ငွေ များမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထား သောဇယားတွင် ဖော်ပြထားသည့်အတိုင်း ထုတ်၍၊ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃ဝ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာတော်ငွေ အမည် | စုစုပေါင်းငွေ ကျပ် | ရည်ညွှန်းသည့်နောက်ဆက်တွဲဇယား |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများ။ | ၇,၂၇,၉၀,၆၇၀ | နောက်ဆက်တွဲဇယား (က)။ |
| ၂ | ရှမ်းပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ဘဏ္ဍာတော်ငွေများ။ | ၂၀ | နောက်ဆက်တွဲဇယား (ခ)။ |
| ၃ | ကချင်ပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ဘဏ္ဍာ တော်ငွေများ။ | ၁၀ | နောက်ဆက်တွဲဇယား (ဂ)။ |
| ၄ | ကယားပြည်နယ်ဦးစီးအဖွဲ့ | ကယားပြည်နယ်၏ | ၂၀ | နောက်ဆက်တွဲဇယား (ဃ)။ |

Myanmar Law Information System (MLIS)

ဥက္ကဋ္ဌ။ ဘဏ္ဍာတော်ငွေများ။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ် သည်ဟူ၍ မှတ်ယူရမည်။

ဗိုလ် နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၄ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၂ ရက်။
(၁၉၆၃ ခုနှစ်၊ ဧပြီလ ၅ ရက်။)

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား (က)။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲဇယား (ခ)။ ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲဇယား (ဂ)။ ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲဇယား (ဃ)။ ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

Myanmar Law Information System (MLIS)